**Karenni Nationalities Defence Force**

**ကရင်နီအမျိုးသားများကာကွယ်ရေးတပ်**

# တိုက်ပွဲသတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်

ဒီးမော့ဆိုမြို့နယ်၊ ၆ မိုင်ကျေးရွာအုပ်စု၊ ဝပ်လထွားကျေးရွာအတွင်း ကင်းပုန်းစောင့်နေသော အကြမ်းဖက်စစ်ကောင်စီတပ်များကို ယနေ့ နံနက် (၁၀း၁၅)တွင် ကရင်နီတပ်မတော် (KA) နှင့် KNDF တို့မှတိုက်ခိုက်ခဲ့ပါသည်။ တိုက်ပွဲမှာ မိနစ် (၂၀) ခန့်ကြာမြင့်ပြီး အကြမ်းဖက်စစ်ကောင်စီတပ်သား (၄) ဦးသေဆုံးကာ၊ (၅) ဦးဒဏ်ရာရခဲ့ပါသည်။ မိမိတို့ဘက်မှ ရဲဘော်နှစ်ဦး လက်နက်ကြီးစ မှန်၍ ဒဏ်ရာရခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် အရပ်ဝတ်များဖြင့် ကျေးရွာအတွင်း လှုပ်ရှားကာ ပြည်သူများ၏နေအိမ်များတွင် ပုန်းခိုလျက်ရှိပါသည်။

အလားတူ ယနေ့ နံနက် (၀၉း၀၀) နာရီ၌ လွိုင်ကော်မြို့နယ်၊ လွိုင်လင်လေးအရှေ့ဘက်၊ ကနန်းကွယ်ရွာ နှင့် ရေကန်ရွာ အကြားတွင် စစ်ကြောင်းထိုးလာသော အကြမ်းဖက်စစ်ကောင်စီတပ်ကို ကရင်နီတပ်မတော် (KA) နှင့် KNDF တို့ခုခံတိုက်ခိုက်ခဲ့ရာ တိုက်ပွဲပြင်းထန်ခဲ့ပါသည်။ တိုက်ပွဲမှာ မွန်းတည့် (၁၂း၃၀) အထိ ကြာမြင့်ပြီး အကြမ်းဖက် စစ်ကောင်စီတပ်သား (၃) ဦးသေဆုံးကာ (၄) ဦး ဒဏ်ရာရခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များကို ခုခံတိုက်ခိုက်ရင်း ကရင်နီတပ်မတော်မှ သူရဲကောင်း တစ်ဦး ကျဆုံးခဲ့ပါသည်။ KNDF မှ ကျဆုံးသွားသော ကရင်နီတပ်မတော်မှ ရဲဘော်အား အမျိုးသား အာဇာနည် သူရဲကောင်းအဖြစ် အလေးပြု သမိုင်းမှတ်တမ်းတင်ပါသည်။ တော်လှန်ရေးအတွင်း ကျဆုံးသွားသော ရဲဘော်များအားလုံး နှင့် ပြည်သူများ၏ပေးဆပ်မှုကို အောက်မေ့၍ KNDF မှ စစ်အာဏာရှင်စနစ် အမြစ်ပြတ်သည် အထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း သစ္စာပြု ထုတ်ပြန်အပ်ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။